# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

အတွဲ (၁) အမှတ် (၄) ၂၀၂၃ ခုနှစ်၊ ဇွန်လ ၉ ရက်


မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေအသစ်များအကြောင်း သိကောင်းစရာ။ | ၂ |
| ၂။ | ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်ခြင်းဆိုင်ရာအမိန့် ထုတ်ပြန်ခြင်း။ | ၃ |
| ၃။ | အသိဉာဏ်ပညာတုဖြင့်စုံစမ်းထောက်လှမ်းမှုနှင့်စောင့်ကြည့်မှုဆိုင်ရာစနစ်နှင့် လူ့အခွင့်အရေး (AI spyware and surveillance system and Human Rights) | ၄-၅ |
| ၄။ | မြန်မာ-စင်္ကာပူရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်အရ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံသူများ ရရှိနိုင်မည့်အကာအကွယ်များ။ | ၆-၈ |
| ၅။ | ဘဏ္ဍာရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ရာသီဥတုမျှတစေရန်နိုင်ငံများထံအကြံပြု ချက်များ။ | ၉-၁၀ |
| ၆။ | နယ်စပ်ဖြတ်ကျော်မှုခင်းများနှင့် မူးယစ်ဆေးဝါးများ အဆမတန် တိုးပွားလာခြင်း တွင်အရှေ့တောင်အာရှ၌ နယ်စပ်ဖြတ်ကျော်ပူးပေါင်းဆောင်ရွက်ရန်လိုအပ်လာခြင်း။ | ၁၁-၁၂ |
| ၇။ | မြန်မာနိုင်ငံနှင့် နိုင်ငံတကာတွင် ကျင့်သုံးနေသောရာဇဝတ်မှုများတွင်ချမှတ်သည့် ဆိုင်းငံ့ပြစ်ဒဏ်အကြောင်း။ | ၁၃-၁၅ |
| ၈။ | မြန်မာနိုင်ငံအတွင်း ဆိုင်ကလုန်းမုန်တိုင်းမိုခါနှင့်စပ်လျဉ်း၍ အာဆီယံ၏လူသား ချင်းစာနာထောက်ထားမှုဆိုင်ရာတုံ့ပြန်မှုအပေါ် အာဆီယံဥက္ကဌ၏ထုတ်ပြန်ချက်။ | ၁၆-၁၇ |

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ (၁) အမှတ် (၄) ၂၀၂၃ ခုနှစ်၊ ဇွန်လ ၉ ရက်

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေအသစ်များအကြောင်း သိကောင်းစရာ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုများပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS)တွင် ယခုသီတင်းပတ်အတွင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ထုတ်ပြန်သည့် လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေးနှင့် ပြန်လည် နေရာချထားရေးလုပ်ငန်းကော်မတီ ရန်ပုံငွေ ဘဏ္ဍာရေးစည်းမျဉ်းများ (အမိန့်ကြော်ငြာစာ) ကို အများပြည်သူများ လွယ်လင့်တကူကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားပါသည်။

ဘဏ္ဍာရေးစည်းမျဉ်းသည် ရခိုင်ပြည်နယ်အတွင်း နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံရေး၊ လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ထိရောက်စွာ အထောက်အကူပြုနိုင်ရန် ဖော်ပြထားပါသည်။

ရန်ပုံငွေနှင့် စပ်လျဉ်း၍ လက်ခံဆောင်ရွက်ခြင်း၊ ငွေစာရင်းထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းများ စနစ်တကျရှိစေရန်နှင့်အစီရင်ခံတင်ပြခြင်းများအတွက် ဆောင်ရွက်ရမည့်အချက်များကို သက်ဆိုင်ရာ အခန်းအလိုက် ပြဋ္ဌာန်းပေးထားပါသည်။ လုပ်ငန်းကော်မတီရန်ပုံငွေစာရင်းများကို စစ်ဆေးရန် အတွင်းစာရင်းစစ်အဖွဲ့( Internal Audit) ဖွဲ့စည်း၍ စာရင်းနှင့် လုပ်ငန်းများကို ၆ လပတ် အလိုက် စစ်ဆေး ဆောင်ရွက်ပြီး ညှိနှိုင်းပေါင်းစပ်ရေးကော်မတီသို့ တင်ပြရမည်ဖြစ်သကဲ့သို့ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးနှင့် သက်ဆိုင်ရာဒေသစာရင်းစစ်ရုံး၏ စာရင်းစစ်ဆေးမှုကိုလည်း ခံယူရမည် ဖြစ်ကြောင်းပြဋ္ဌာန်းထားပါသည်။

ရန်ပုံငွေသုံးစွဲမှုများနှင့် စပ်လျဉ်း၍ အလွဲသုံးစားမှုတစ်စုံတစ်ရာရှိကြောင်း စိစစ်တွေ့ရှိရပါက တည်ဆဲဥပဒေနှင့် အညီ အရေးယူခြင်းခံရမည်ဖြစ်ကြောင်းလည်းပါရှိပါသည်။

ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ (၁) အမှတ် (၄) ၂၀၂၃ ခုနှစ်၊ ဇွန်လ ၉ ရက်

## ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်ခြင်းဆိုင်ရာအမိန့် ထုတ်ပြန်ခြင်း

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ခြင်းဆိုင်ရာအမိန့်ကို ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၁၃ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ၂၀၂၃ ခုနှစ် မေလ ၁၀ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၃၅/၂၀၂၃ ဖြင့် ထုတ်ပြန်ခဲ့ကြောင်း၊ အဆိုပါအမိန့်ဖြင့် ထုတ်ကုန်သွင်းကုန်ကြီးကြပ်မှု (ယာယီအက်ဥပဒေ) ၁၉၄၇ အရ ထုတ်ပြန်သော တင်သွင်းသူနှင့် တင်ပို့သူများ မှတ်ပုံတင်ခြင်းအမိန့် (၄၂/၁၉၅၄) (The Registration (Imports and Exports) Order 1954) နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၏ ၉-၈-၂၀၁၈ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည့် ပို့ကုန်သွင်းကုန်နှင့် စပ်လျဉ်းသော သတင်းလွှာ (၆/၂၀၁၈) တို့ကို လွှမ်းမိုးပယ်ဖျက်ခဲ့ကြောင်း သိရသည်။

ယင်းအမိန့် ထုတ်ပြန်ချက်အရ ၁၉၅၀ ပြည့်နှစ်၊ အထူးကုမ္ပဏီအက်ဥပဒေနှင့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေတို့အရ ဖွဲ့စည်းတည်ထောင်သည့် ကုမ္ပဏီများနှင့် သမဝါယမအသင်းဥပဒေအရ ဖွဲ့စည်းတည်ထောင်သည့် သမဝါယမအသင်းလီမိတက်များသည် ကုန်သွယ်မှုပြုရန် ရည်ရွယ်၍ ကုန်ပစ္စည်းကို တင်ပို့ခြင်း၊ တင်သွင်းခြင်းလုပ်ငန်း ဆောင်ရွက်လိုပါက **ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်** ကိုလည်းကောင်း၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၊ သက်ဆိုင်ရာဌာနများတွင် မှတ်ပုံတင်ထားသော အသင်းအဖွဲ့များ၊ ဘာသာရေးဆိုင်ရာ လူပုဂ္ဂိုလ်များနှင့် သံတမန်များသည် ကုန်သွယ်မှုပြုရန် မဟုတ်သည့် ကုန်ပစ္စည်းများ တင်ပို့ခြင်း၊ တင်သွင်းခြင်းလုပ်ငန်းဆောင်ရွက်လိုပါက **ပို့ကုန်သွင်းကုန်လုပ်ငန်းမှတ်ပုံတင်** ကိုလည်းကောင်း ကုန်သွယ်ရေးဦးစီးဌာနတွင် လျှောက်ထားနိုင်ကြောင်း သိရသည်။

နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း အမိန့်နှင့် ညွှန်ကြားချက်များ ဌာနခွဲ
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ်-https://www.commerce.gov.mm/commands/archive/107/2023

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ (၁) အမှတ် (၄) ၂၀၂၃ ခုနှစ်၊ ဇွန်လ ၉ ရက်

## အသိဉာဏ်ပညာတုဖြင့်စုံစမ်းထောက်လှမ်းမှုနှင့်စောင့်ကြည့်မှုဆိုင်ရာစနစ်နှင့် လူ့အခွင့်အရေး (AI spyware and surveillance system and Human Rights)

Artificial intelligence (အသိဉာဏ်ပညာတု - AI) ဖြင့်ဆောင်ရွက်သော စုံစမ်းထောက်လှမ်းသည့် ဆော့ဝဲလ် ပေါ်ပေါက်လာသောကြောင့် ယင်းကိုကန့်သတ်နိုင်သည့် လုပ်ထုံးလုပ်နည်းများ လိုအပ်လျက်ရှိကြောင်း ကမ္ဘာ့ကုလသမဂ္ဂမှ ကျွမ်းကျင်သူပညာရှင် တစ်ဦးကပြောကြားလိုက်ကြောင်း သိရှိရသည်။

Artificial intelligence ကိုအခြေခံသော biometric surveillance systems အပါအဝင် နည်းပညာများတိုးတက်လာမှုသည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကသိရှိခြင်းမရှိဘဲ သို့မဟုတ် ထိုသူ၏ သဘောတူညီချက်မရှိဘဲ ထိုပုဂ္ဂိုလ်အား ထိခိုက်နိုင်သော ၎င်း၏ အရေးကြီးသော အကြောင်းအရာများကို အဆိုပါ AI spyware and surveillance စနစ်ကို အသုံးပြု၍ လေ့လာ စောင့်ကြည့်ခြင်းများ မြင့်တက်လာကြောင်းတွေ့ရှိရသည်။ ထို့ကြောင့် ယင်းကိုကန့်သတ်နိုင်သည့် အရေးပေါ်လုပ်ထုံးလုပ်နည်းများကို ရေးဆွဲသင့်ကြောင်း ဖော်ပြခဲ့သည်။

လူ့အခွင့်အရေးကောင်စီမှ ကျွမ်းကျင်သူပညာရှင်က အမျိုးသားလုံခြုံရေးနှင့် အကြမ်းဖက်မှုအား တန်ပြန်ဆောင်ရွက်ရေး အယောင်ဆောင်၍ စုံစမ်းထောက်လှမ်းမှု နှင့် စောင့်ကြည့်မှုဆိုင်ရာ spyware and surveillance နည်းပညာကို အသုံးပြုမှုသည် လူ့အခွင့်အရေးဆောင်ရွက်သူများ၏ အလုပ်အပေါ်တွင် ကြီးစွာသော အကျိုးသက်ရောက်မှုရှိကြောင်းကို သတိပေးပြီးဖြစ်ကြောင်း ဖော်ပြထားပြီး သတင်းမှားများနှင့် အမုန်းစကားများကို ဖြန့်သောများစွာသောအတုပြုလုပ်ထားသည့် အွန်လိုင်း အကြောင်းအရာများကြောင့် လျင်မြန်စွာတိုးတက်လာသော AI စနစ်ကို ဖြေရှင်းရန် လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းရန် လိုအပ်ကြောင်း၊ ကိုယ်ရေးကိုယ်တာလျှို့ဝှက်ချက်များ ထားရှိခွင့် အခွင့်အရေးကို ချိုးဖောက်၍ အနှောင့်အယှက်ဖြစ်စေသော လေ့လာစောင့်ကြည့်ခြင်းသည် မတရားပြုခြင်းဖြစ်ပြီး လူ့အဖွဲ့အစည်းကို နောက်ထပ်ထိုသို့ ဆောင်ရွက်ခြင်းမပြုရန် ဆောင်ရွက်သင့်ကြောင်း ဖော်ပြထားပါသည်။

AI နည်းပညာတိုးတက်မှုသည် စီးပွားရေးလုပ်ငန်းရှင်များအပါအဝင် အနည်းငယ်သော လူတစ်စုက လူ့အခွင့်အရေးဆိုင်ရာဆန်းစစ်ချက် နှင့် ယင်းနည်းပညာ၏ အကျိုးသက်ရောက်မှုကို ခံစားရမည့် လူတစ်ဦးချင်းစီနှင့် လူ့အဖွဲ့အစည်းအား ညှိနှိုင်းတိုင်ပင်ခြင်းမရှိဘဲ ဆောင်ရွက်ခြင်းဖြစ်၍ စိုးရိမ်ဖွယ်ရာရှိကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် AI နည်းပညာအသုံးပြုသူများအနေဖြင့် လွတ်လပ်စွာဖော်ထုတ်ပြောဆိုခွင့်၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေးများရရှိခွင့်နှင့် လူသားချင်းစာနာ ထောက်ထားမှု ဆိုင်ရာ အကူအညီပေးမှုများကိုလေးစားရန် လိုအပ်ကြောင်း၊ လူ့အခွင့်အရေးကိုထိခိုက်နိုင်သော ကိစ္စများတွင် ထူးခြားသော နည်းပညာများနှင့် ပရိုဂရမ်များအသုံးပြုခြင်းကို ရှောင်ရှားသင့်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

AI နည်းပညာတိုးတက်လာသည်နှင့်အမျှ လူ့အဖွဲ့အစည်းအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်အရေးကြီးသတင်းအချက်အလက်များကို သတိထားအသုံးပြုရန်လိုအပ်သည့်အပြင် AI spyware and surveillanceစနစ်ကို ကန့်သတ်နိုင်သည့် လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းနိုင်ခြင်းမရှိပါက လူတစ်ဦးချင်းစီ၏ ကိုယ်ရေးကိုယ်တာ လျှို့ဝှက်ချက်များထားရှိခွင့်အခွင့်အရေးကို ထိခိုက်နိုင်ကြောင်း တွေ့ရှိရသည်။

ဝန်ကြီးရုံး

ဥပဒေရေးရာဝန်ကြီးဌာန

Sources- United Nations သတင်းစာမျက်နှာ

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ (၁) အမှတ် (၄) ၂၀၂၃ ခုနှစ်၊ ဇွန်လ ၉ ရက်

## မြန်မာ-စင်္ကာပူရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်အရ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများရရှိနိုင်မည့် အကာအကွယ်များ

ယနေ့ခေတ် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုကဏ္ဍ၌ အလွန်အရေးပါသည့်ကိစ္စရပ်များတွင် ရင်းနှီးမြှုပ်နှံသူများအတွက် အကာအကွယ်(Protection and Security)၊ အနာဂတ်အတွက် စေ့စပ်သေချာမှု (Certainty)၊ ယုံကြည်စိတ်ချမှု (Confidence)၊ ရင်းနှီးမြှုပ်နှံသည့်တစ်ဖက် နိုင်ငံသားများအပေါ် ပြုမူဆက်ဆံခြင်း (Treatment of investors)စသည်တို့ပါဝင်ပါသည်။ မြန်မာနိုင်ငံနှင့်စင်္ကာပူနိုင်ငံတို့သည်နှစ်ဖက်နိုင်ငံသားရင်းနှီးမြှုပ်နှံသူများအပေါ် အပြန်အလှန် ပြုမူဆက်ဆံရမည့်နည်းလမ်းများ ထည့်သွင်းဖော်ပြထားသည့် ရင်းနှီးမြှုပ်နှံမှုသဘောတူ စာချုပ် (BIT) ကို ၂၄-၉-၂၀၁၉ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

လက်မှတ်ရေးထိုးသည့်နေ့တွင်ပင် Singapore Ministry of Trade and Industry မှ BIT အရ နှစ်ဖက်နိုင်ငံသားများရရှိနိုင်မည့်အခွင့်အရေးနှင့် အကာအကွယ်များကို ထုတ်ပြန်ပေးခဲ့ပါသည်။ စင်္ကာပူနိုင်ငံတွင် မြန်မာနိုင်ငံသားများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ၂၀၂၁ ခုနှစ်တွင် S$ 18.5 ဘီလီယံကျော် ရှိခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် S$ 24.3 ဘီလီယံကျော် အထိရှိခဲ့ပါသည်။ သို့ပါ၍ စင်္ကာပူနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်နေသော မြန်မာနိုင်ငံသားများအနေဖြင့် BIT အရ ပေးထားသည့် အကာအကွယ်နှင့် အာမခံချက်များကို သိရှိသတိပြုသင့်ပါသည်။

BIT အရ စင်္ကာပူနိုင်ငံသည် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများနှင့် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများကို အခြားသောနိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနည်းတူ ဆက်ဆံရမည်ဖြစ်ပြီး ယင်းထက်လျော့၍ ခွဲခြားဆက်ဆံခြင်းမပြုရန် သဘောတူထားပါသည်။ ရင်းနှီးမြှုပ်နှံမှုကဏ္ဍအများစု တွင် ဒေသခံရင်းနှီးမြှုပ်နှံသူများနှင့် ၎င်းတို့၏ရင်းနှီးမြှုပ်နှံမှုများအား ဆက်ဆံသည့်နည်းတူ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများ အပေါ်တွင်လည်း တန်းတူဆက်ဆံရမည်ဖြစ်ကာ ယင်း အဆင့်ထက်လျော့၍ ခွဲခြားဆက်ဆံခြင်းမပြုရပါ။ ထို့ပြင် စစ်ပွဲ၊ လက်နက်ကိုင်ပဋိပက္ခနှင့် လူထုမငြိမ်မသက်ဖြစ်မှု စသည်တို့ကြောင့် ဖြစ်ပေါ်သော နစ်နာဆုံးရှုံးမှုများအတွက် လျော်ကြေးပေးခြင်း သို့မဟုတ် မိမိနိုင်ငံသား ရင်းနှီးမြှုပ်နှံ

သူများအတွက်သော်လည်းကောင်း၊ စာချုပ်ဝင်မဟုတ်သည့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများအတွက် သော်လည်းကောင်း ဆောင်ရွက်ပေးသည့် အတိုင်းအတာထက်မလျော့သော အခြားဖြေရှင်းမှုမျိုးဖြင့် ဆောင်ရွက်ပေးရမည်ဖြစ်သည်။

နှစ်ဖက်စာချုပ်ဝင်နိုင်ငံများသည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အမှန်တကယ် လိုအပ်ခြင်း၊ ခွဲခြားမှုမရှိဘဲ ဆောင်ရွက်ခြင်း၊ တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ခြင်း၊ သိမ်းယူသည့် ရင်းနှီးမြှုပ်နှံမှုအား မျှတ၍ ပြည့်စုံလုံလောက်သော လျော်ကြေးကို မြန်ဆန်စွာပေးချေခြင်းတို့ဖြင့် ဆောင်ရွက်ခြင်းမှအပ တစ်ဖက်စာချုပ်ဝင်နိုင်ငံသား ရင်းနှီးမြှုပ်နှံသူ၏ ရင်းနှီးမြှုပ်နှံမှုများအား နိုင်ငံပိုင်ပြုလုပ်ခြင်း (Nationalization) ကို သော်လည်းကောင်း၊ သိမ်းယူခြင်း (Expropriation) ကို သော်လည်းကောင်း ပြုလုပ်၍မရပါ။ နိုင်ငံပိုင်ပြုလုပ်ခြင်းသို့မဟုတ် သိမ်းယူခြင်းသဘောသက်ရောက်သော ဆောင်ရွက်မှုများကိုလည်း မပြုလုပ်ရဟု နှစ်နိုင်ငံ သဘောတူအာမခံထားကြပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့်စပ်လျဉ်းသည့် လွှဲပြောင်းမှုများကို မြန်မာနိုင်ငံမှ စင်္ကာပူနိုင်ငံသို့ ဖြစ်စေ၊ စင်္ကာပူနိုင်ငံမှ မြန်မာနိုင်ငံသို့ နှောင့်နှေးခြင်းမရှိဘဲ လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိပါသည်။ ထိုသို့ လွတ်လပ်စွာလွှဲပြောင်းနိုင်သည့်ငွေကြေးများတွင်မတည်ရင်းနှီးငွေ၊ ရင်းနှီးမြှုပ်နှံမှုကို စာရင်းရှင်းလင်း ဖျက်သိမ်းခြင်း သို့မဟုတ် ရောင်းချခြင်းမှ ရရှိသည့် မတည်ငွေရင်းများ၊ အမြတ်ငွေများအပြင် စီမံခန့်ခွဲစရိတ်၊ ခိုင်ကြေး၊ နည်းပညာအကူအညီနှင့် အခြားကျသင့်ငွေများ၊ ငွေချေးစာချုပ်အပါအဝင် ရင်းနှီးမြှုပ်နှံသူချုပ်ဆိုသည့် စာချုပ်တစ်ရပ်ရပ်ကြောင့် ပေးချေရသည့် ငွေကြေးများ၊ ရင်းနှီးမြှုပ်နှံမှု သိမ်းယူခံရခြင်းနှင့် နစ်နာမှုကြောင့်ရရှိသည့် ငွေကြေးများ၊ အငြင်းပွားမှုဖြေရှင်းခြင်းမှ ရရှိသည့် ငွေကြေးများ ပါဝင်ပါသည်။

စင်္ကာပူနိုင်ငံသည် BIT စာချုပ်ပါ ၎င်း၏ တာဝန်တစ်ရပ်ရပ် ဖောက်ဖျက်မှုကြောင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ၎င်း၏ရင်းနှီးမြှုပ်နှံမှုအပေါ် ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ် စေခဲ့ပါက စာချုပ်ဝင်နှစ်နိုင်ငံသည် ICSID အဖွဲ့ဝင်ဖြစ်လျှင် (မြန်မာနိုင်ငံသည် ICSID အဖွဲ့ဝင်နိုင်ငံ မဖြစ်သေးပါ) ICSID Convention နှင့် ICSID Arbitration Rules ဖြင့် ဖြစ်စေ၊ ICSID Additional Facility Rules

(စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံသည် ICSID အဖွဲ့ဝင်ဖြစ်လျှင်) ဖြင့်ဖြစ်စေ၊ UNCITRAL Arbitration Rules ဖြင့် ဖြစ်စေ၊ စာချုပ်ဝင်များ သဘောတူညီသည့်အခြား Arbitral Institutions သို့မဟုတ် Arbitration Rules ဖြင့်ဖြစ်စေ ဖြေရှင်းနိုင်ရေးအတွက် အငြင်းပွားသည့် ရင်းနှီးမြှုပ်နှံသူက ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ အငြင်းပွားသည့် ရင်းနှီးမြှုပ်နှံသူသည် ၎င်းကျခံခဲ့ရသည့် ပျက်စီး ဆုံးရှုံးမှုအတွက် မိမိကိုယ်တိုင် လျှောက်ထား၍ဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း ၎င်းထိန်းချုပ်ပိုင်ဆိုင်ထားသည့် စက်ာပူနိုင်ငံရှိ လုပ်ငန်းတစ်ခုက ကျခံခဲ့ရသည့် ပျက်စီးဆုံးရှုံးမှုအတွက် အဆိုပါလုပ်ငန်းကို ကိုယ်စားပြု၍ဖြစ်စေ အငြင်းပွားမှုဖြေရှင်းရေးကို တောင်းဆိုတင်ပြနိုင်မည်ဖြစ်ပါသည်။ ဤသည်မှာစက်ာပူနိုင်ငံတရားရုံးများ၏စီရင်ပိုင်ခွင့်အပြင်ဘက်တွင် အငြင်းပွားမှုဖြေရှင်းနိုင်မည့် အာမခံချက်တစ်ရပ်ဖြစ်ပါသည်။

စက်ာပူနိုင်ငံတွင် လုပ်ငန်းလုပ်ကိုင်နေသော မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများ အနေဖြင့် နှစ်နိုင်ငံချုပ်ဆိုထားသော သဘောတူစာချုပ်အပြင် အိမ်ရှင်နိုင်ငံဥပဒေအရ ရရှိနိုင်မည့် အခွင့်အရေးနှင့် အကာအကွယ်များကို ရရှိခံစားနိုင်မည်ဖြစ်ပါသည်။

စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန

## ဘဏ္ဍာရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ရာသီဥတုမျှတစေရန် နိုင်ငံများထံအကြံပြုချက်များ

၅-၆-၂၀၂၃ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့(Amnesty International)၏ နိုင်ငံများထံသို့ ဘဏ္ဍာရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ရာသီဥတုမျှတစေရန် အကြံပြုထားသည့် စာတမ်းကို ၎င်း၏ Amnesty International အင်တာနက်စာမျက်နှာတွင် ဖော်ပြထားပါသည်။

အဆိုပါစာတမ်းတွင် လက်နက်ကိုင်ပဋိပက္ခ၊ ရာသီဥတုပြောင်းလဲမှု၊ စီးပွားရေး မတည်ငြိမ်မှုနှင့် မမျှတမှု၊ ကမ္ဘာ့အနှံ့ဖြစ်ပွားသော ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားမှုအပါအဝင် အကြပ်အတည်းပေါင်းစုံတို့သည်လူတို့၏စီးပွားရေးနှင့် လူမှုအခွင့်အရေးများအပေါ် ကြီးမားသောအကျိုးဆက်ဖြစ်စေကြောင်း၊ အဆိုပါအကြပ်အတည်းများသည်နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုနှင့်စည်းလုံးညီညွတ်မှု၏အရေးပါမှုကိုလည်းထင်ရှားစေကြောင်း၊ မည်သည့်နိုင်ငံမဆို ၎င်းတစ်နိုင်ငံတည်း မတုံ့ပြန်နိုင်ကြောင်း၊ စုပေါင်းဆောင်ရွက်မှုသည်လိုအပ်ကြောင်း၊လုံလောက်သောအရင်းအမြစ်များရှိသောနိုင်ငံများသည် စီးပွားရေးနှင့် လူမှုအခွင့်အရေးများကို အာမခံရန်အလို့ငှာ နိုင်ငံတကာအကူအညီနှင့် ပူးပေါင်းဆောင်ရွက်မှု လိုအပ်သော အခြားနိုင်ငံများကို နိုင်ငံတကာအကူအညီနှင့် ပူးပေါင်းဆောင်ရွက်ရန် လူ့အခွင့်အရေး တာဝန်ဝတ္တရားရှိကြောင်း၊ ဖွံ့ဖြိုးရေးအကူအညီ၊ ကြွေးမြီဖွဲ့စည်းပုံ၊ ရာသီဥတုဆိုင်ရာဘဏ္ဍာရေး၊ အခွန်မူဝါဒများအပေါ်ရှိ ဆွေးနွေးမှုများသည်လူတို့၏ဘဝများနှင့်ဝေးကွာနေပုံရသော်လည်း ကမ္ဘာလုံးဆိုင်ရာဆွေးနွေးပွဲတွင် ချမှတ်ခဲ့သည့်ဆုံးဖြတ်ချက်များသည် ကမ္ဘာတစ်ဝှမ်းရှိ စီးပွားရေးနှင့် လူမှုအခွင့်အရေးများအပေါ် သိသိသာသာသက်ရောက်မှုရှိကြောင်း၊ အဆိုပါစာတမ်းပါ အကြံပြုချက်များသည် G 7 နှင့် G 20 လုပ်ငန်းစဉ်များ၊ PACT ထိပ်သီး အစည်းအဝေး နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကုလသမဂ္ဂမူဘောင်ကွန်ဗင်းရှင်း(COP) အဖွဲ့ဝင်များ၏ ၂၈ ကြိမ်မြောက် ညီလာခံ အပါအဝင် အဆိုပါပြဿနာရပ်များကို ဆွေးနွေးထားသည့် နိုင်ငံတကာ၊ ဒေသဆိုင်ရာနှင့် အမျိုးသားအဆင့် ဆွေးနွေးပွဲကဏ္ဍပေါင်းစုံရှိ Amnesty International ၏ စည်းရုံးလှုံ့ဆော်မှုကို အခြေခံထားကြောင်း၊ Amnesty International ၏ ဖွံ့ဖြိုးရေးအကူအညီ၊ ကြွေးမြီဖွဲ့စည်းပုံ၊ ရာသီဥတုဆိုင်ရာဘဏ္ဍာရေး၊ အခွန်မူဝါဒများအပေါ် များစွာသောအကြံပြုချက်များထဲမှ အချို့အချက်များမှာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု

ပန်းတိုင်(SDGs)အောင်မြင်မှုတွင် ကြီးမားသော ရန်ပုံငွေကွာဟချက်ကို အမြန်ဖြည့်ဆည်း ရန်၊ နစ်နိုင်ငံ၊ အများဆိုင်ရာနှင့် ပုဂ္ဂလိကအချုပ်အခြာအာဏာပိုင် ချေးငွေဆိုင်ရာစည်းကမ်းချက်များသည် ပွင့်လင်းမြင်သာမှုရှိစေရန်၊ ကမ္ဘာလုံးဆိုင်ရာအခွန်အုပ်ချုပ်မှုပုံစံကို ဖန်တီးရန်၊ ဝင်ငွေနည်းသောနိုင်ငံများကို ရာသီဥတုဖောက်ပြန်မှုလျော့ပါးစေခြင်း၊ လိုက်လျောညီထွေဖြစ်စေရန်နှင့် ဆုံးရှုံးမှုနှင့် ပျက်စီးဆုံးရှုံးမှုများအတွက် ဘဏ္ဍာငွေသည် ချေးငွေအသစ်အစား ထောက်ပံ့ကြေးပုံစံဖြင့် ဆောင်ရွက်မှုကို သေချာစေရန်၊ အားလုံးအတွက် အရည်အသွေးပြည့်ဝသောကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ဆေးဝါးများနှင့် ကာကွယ်ဆေးများ ရယူသုံးစွဲနိုင်မှု အပါအဝင် တစ်ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးလွှမ်းခြုံမှုတွင် ရင်းနှီးမြှုပ်နှံရန်၊ ILO နှင့် UN မှ အလွန်အမင်းဆင်းရဲမွဲတေမှုနှင့် လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ်တို့မှ ထောက်ခံအားပေးထားသည့် ကမ္ဘာလုံးဆိုင်ရာ လူမှုကာကွယ်စောင့်ရှောက်ရေးရန်ပုံငွေထူထောင်ရာတွင် လုံလောက်စွာ ရန်ပုံငွေပံ့ပိုးပေးရန် တို့ဖြစ်ကြောင်းဖော်ပြထားပါသည်။

နိုင်ငံတကာရာဇဝတ်မှုခင်းများဆိုင်ရာဥပဒေဌာနစိတ်
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်- Amnesty International သတင်းစာမျက်နှာ

## နယ်စပ်ဖြတ်ကျော်မှုခင်းနှင့်မူးယစ်ဆေးဝါးများ အဆမတန်တိုးပွားလာခြင်းတွင် အရှေ့တောင်အာရှ၌ နယ်စပ်ဖြတ်ကျော်ပူးပေါင်းဆောင်ရွက်ရန် လိုအပ်လာခြင်း

၂-၆-၂၀၂၃ရက်နေ့တွင် နယ်စပ်ဖြတ်ကျော်မှုခင်းနှင့် မူးယစ်ဆေးဝါးများ အဆမတန်တိုးပွားလာခြင်းတွင် အရှေ့တောင်အာရှ၌ နယ်စပ်ဖြတ်ကျော်ပူးပေါင်းဆောင်ရွက်ရန် လိုအပ်လာခြင်းနှင့် စပ်လျဉ်း၍ United Nations ၏ အင်တာနက်စာမျက်နှာတွင် ဖော်ပြထားပါသည်။

အဆိုပါသတင်းစာမျက်နှာတွင် အဆိုပါရွှေတြိဂံဒေသမှာ သမိုင်းကြောင်းအရ ဘိန်းဖြူ ပြည်ပသို့တင်ပို့ရန်အတွက် ဘိန်းစိုက်ပျိုး၍ ဟယ်ရိုအင်းများထုတ်လုပ်ခဲ့သည့် ဒေသဖြစ်ပြီး မကြာသေးမီနှစ်များအတွင်း အသေအပျောက်နှင့် အမြတ်အစွန်းများသော ဓာတုဆေးဝါးများပင် ရောင်းဝယ်ဖောက်ကားသည့် နေရာဖြစ်ကြောင်း၊ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် နိုင်ငံဖြတ်ကျော်ရာဇဝတ်ဂိုဏ်းများ ကြီးစိုးနေသည့် အာရှ၌တရားမဝင်ကုန်သွယ်မှု၏ ရှေ့တန်းတွင်ရှိနေကြောင်း၊ မဲခေါင်မြစ်ဘက်ခြမ်းရှိ လာအိုနိုင်ငံ Houay Xai မြို့မှ ရေမိုင်အနည်းငယ် အကွာ မူးယစ်ဆေးဝါး ရှာဖွေဖမ်းဆီးခြင်းများဆောင်ရွက်နေသောနေရာတွင် နယ်စပ်အာဏာပိုင်များမှပြီးခဲ့သည့်နှေ့ညစစ်ဆင်ရေးအပြီးတွင် တပ်မတော်မြေပြင်လှည့်ကင်းမှ မူးယစ်ဆေးဝါး အလေးချိန် ၅၀၀ ကီလိုဂရမ် သယ်ဆောင်လာသည်ကိုဖမ်းမိခဲ့ကြောင်း၊ ယခင်လကလည်း အလားတူဧရိယာအတွင်း စိတ်ကြွဆေးပြား ၇.၁သန်းကိုလည်းသိမ်းဆည်းရမိခဲ့ကြောင်း၊ လာအိုနိုင်ငံနှင့်ထိုင်းနိုင်ငံတို့မှ ဖမ်းမိသောမူးယစ်ဆေးဝါးများသည် မြန်မာနိုင်ငံရှမ်းပြည်နယ် မြောက်ပိုင်းရှိ ဝေးလံခေါင်သီတောတောင်များတွင် ပြည်သူ့စစ်များနှင့် ရာဇဝတ်ဂိုဏ်းများ၏ တရားမဝင်စက်မှု လုပ်ငန်းခွင် ဓာတ်ခွဲခန်းများ လည်ပတ်နေခြင်းမှ အစပြု၍ ထိုင်းနိုင်ငံမြို့တော်ဘန်ကောက်မြို့သာမက အရှေ့တောင်အာရှနှင့် ဝေးကွာသော်လည်းအမြတ်များသည့် ဈေးကွက် များတွင်ပါဝင်သည့် ဂျပန်၊ တောင်ကိုရီးယား၊ နယူးဇီလန်နှင့် ဩစတြေးလျနိုင်ငံတို့ကို ပို့ဆောင် နေကြောင်း၊ မြန်မာနိုင်ငံတွင်ဓာတုဆေးဝါးများ မည်မျှထုတ်လုပ်နေကြောင်း အတိအကျတွက်ချက်ရန် ခက်ခဲသော်လည်း အချို့သောခန့်မှန်းချက်များအရ တန်ချိန်ရာနှင့်ချီ၍ နိုင်ငံတွင်းသို့မှောင်ခိုကုန်ကူးနေကြောင်း၊ မူးယစ်ဆေးဝါးများ အဆမတန်စီးဆင်းနေသော်လည်း ထိုင်းနှင့် လာအို

အာဏာပိုင်များသည် ဒေသတွင်းထောက်လှမ်းရေးစုစည်းမှုကွန်ရက်ကို မြှင့်တင်ပေးနေသည့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့်ရာဇဝတ်မှုဆိုင်ရာရုံး (UNODC)၏ ပံ့ပိုးကူညီမှုကျေးဇူးကြောင့် အောင်မြင်မှုများ ကြုံတွေ့နေရကြောင်း၊ ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံရှိ မူခင်းနှိမ်နင်းရေး အာဏာပိုင်များသည် UNODC ၏ နယ်စပ်ရေးရာ စီမံခန့်ခွဲမှုအစီအစဉ်၏ ရလဒ်တစ်ခုအနေဖြင့် နယ်စပ်ဖြတ်ကျော် ပူးပေါင်းဆောင်ရွက်မှုနှင့် သတင်းအချက်အလက်မျှဝေမှု ပိုမိုအားကောင်းလာစေရန် ထူထောင်ထားသည့် နယ်စပ်ဆက်ဆံရေးရုံးများ သို့မဟုတ် BLOs ကွန်ရက်များဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ BLOs ပေါင်း 120 ကျော်၏ ကွန်ရက်သည် အရှေ့တောင် အာရှမှ အနောက်ဘက်တွင် မြန်မာနိုင်ငံ၊ အရှေ့ဘက်တွင် တရုတ်နိုင်ငံ၊ တောင်ဘက်တွင် ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ နှင့် ဗီယက်နမ်နိုင်ငံတို့အပါအဝင် အင်ဒိုနီးရှားနိုင်ငံအထိ ဖြန့်ကျက်ထားကြောင်း၊ မြန်မာနိုင်ငံအထဲသို့ မူးယစ်ဆေးဝါးများ ထုတ်လုပ်ရာတွင် အသုံးပြုသောဓာတုပစ္စည်းများ ပို့ဆောင်နေခြင်းသည် မူးယစ်ဆေးဝါးများထက် အဆပေါင်းများစွာ ပမာဏများပြားလျက်ရှိကြောင်း၊ UNODC ၏ ပံ့ပိုးကူညီမှုဖြင့် အစိုးရများ၏ ပူးပေါင်းဆောင်ရွက်မှုသည် မူးယစ်ဆေးဝါးစီးဆင်းမှုကို ဟန့်တားရန် ကူညီပေးနေသော်လည်း ဖမ်းဆီးရမိမှုမှာ ဒေသအနှံ့ရောင်းဝယ် ဖောက်ကားနေသည့် မူးယစ်ဆေးဝါးများ၏ ရာခိုင်နှုန်း အနည်းငယ်သာဖြစ်သည်ဟု ကျယ်ကျယ် ပြန့်ပြန့်လက်ခံထားကြောင်း ဖော်ပြထားပါသည်။

နိုင်ငံတကာရာဇဝတ်မှုခင်းများဆိုင်ရာဥပဒေဌာနစိတ်
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်- ၂-၆-၂၀၂၃ ရက်စွဲပါ UN News

## မြန်မာနိုင်ငံနှင့် နိုင်ငံတကာတွင်ကျင့်သုံးနေသော ရာဇဝတ်မှုများတွင် ချမှတ်သည့် ဆိုင်းငံ့ပြစ်ဒဏ်အကြောင်း

ရာဇဝတ်မှုကျူးလွန်သူများအပေါ် ချမှတ်သည့် ပြစ်ဒဏ် အမျိုးအစားများသည် သက်ဆိုင်ရာနိုင်ငံများ၏ ဥပဒေပြဋ္ဌာန်းချက်များအလိုက် ကွဲပြားမှုရှိကြပါသည်။ သို့ရာတွင် သေဒဏ်၊ ထောင်ဒဏ်၊ တစ်ကျွန်းပို့ဒဏ်နှင့် ငွေဒဏ် တို့မှာ အများအားဖြင့် နိုင်ငံအားလုံးတွင် အသုံးပြုနေသည့် ပြစ်ဒဏ်အမျိုးအစားများဖြစ်ကြပါသည်။ မြန်မာနိုင်ငံတွင်လည်း အဆိုပါ ပြစ်ဒဏ် ၄ မျိုးအား ရာဇဝတ်ပြစ်မှုကျူးလွန်သူများအပေါ် ချမှတ်အသုံးပြုလျက်ရှိပါသည်။ သို့ရာတွင် နိုင်ငံတကာ၌ ကျင့်သုံးနေသော ပြစ်ဒဏ်အမျိုးအစားတစ်ခု ဖြစ်သည့် **ဆိုင်းငံ့ပြစ်ဒဏ်** ကိုမူ မြန်မာနိုင်ငံတွင် တမူကွဲပြားသည့် ပုံစံဖြင့် ပြဋ္ဌာန်းထားပြီး ကျင့်သုံးဆောင်ရွက်မှုနည်းပါးပါသည်။

နိုင်ငံတကာတွင် အသုံးပြုနေသည့် **ဆိုင်းငံ့ပြစ်ဒဏ်** အမျိုးအစားမှာ ပြစ်မှုကျူးလွန်သူအပေါ် ချမှတ်သည့် ထောင်ဒဏ်အားလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းအား **တရားရုံးအမိန့်ဖြင့်** ကာလတစ်ခုအထိ ဆိုင်းငံ့ထားသည့်ပြစ်ဒဏ်ဖြစ်ပါသည်။ ထိုသို့ ဆိုင်းငံ့ထားသည့်ကာလအတွင်း ပြစ်ဒဏ်ချမှတ်ခံရသူသည် တရားရုံးက သတ်မှတ်ထားသည့် ခံဝန်စည်းကမ်းချက်များအတိုင်း နေထိုင်ရမည်ဖြစ်ပြီး အဆိုပါ ခံဝန်စည်းကမ်းချက်များအား ဖောက်ဖျက်ခြင်း၊ ပြစ်မှုထပ်မံကျူးလွန်ခြင်းများပြုလုပ်ပါက ၎င်းအပေါ်ချမှတ်ထားသည့် ထောင်ဒဏ်ကိုဆိုင်းငံ့ထားခြင်းအား ချက်ချင်းပယ်ဖျက်ပြီး ထောင်ဒဏ်ကျခံရမည်ဖြစ်ပါသည်။အကယ်၍ သတ်မှတ်ကာလအတွင်း ခံဝန်စည်းကမ်းချက်များနှင့်အညီ နေထိုင်ခဲ့ပါက ၎င်းကျခံရမည့်ထောင်ဒဏ်အား ကျခံပြီးဖြစ်သည်ဟု မှတ်ယူကာ ထောင်ဒဏ်ပြစ်ဒဏ်မှ ကင်းလွတ်ခွင့် ရရှိနိုင်သည့် ပြစ်ဒဏ်အမျိုးအစားဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ရာဇဝတ်ကျင့်ထုံးဥပဒေ အခန်း ၂၉ ပါ ပြဋ္ဌာန်းချက်သည် ဆိုင်းငံ့ပြစ်ဒဏ်သဘောတရားဖြစ်ပါသည်။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ-၄၀၁ ပါ **ဆိုင်းငံ့ပြစ်ဒဏ်** မှာမူ ပြစ်ဒဏ်ချမှတ်ခြင်းခံရသူအပေါ် **နိုင်ငံတော်သမ္မတက** ယင်းချမှတ်ခံရသည့် ပြစ်ဒဏ်အား စည်းကမ်းချက်ဖြင့်ဖြစ်စေ၊ စည်းကမ်းချက်မထားဘဲဖြစ်စေပြစ်ဒဏ်အတည်ပြုခြင်းအားဆိုင်းငံ့ထားနိုင်သည့်ပြဋ္ဌာန်းချက်

ဖြစ်ပြီး တရားစီရင်ရေးနှင့် အုပ်ချုပ်ရေး အပြန်အလှန်ထိန်းကျောင်းခြင်းမျိုးဖြစ်ပြီး လက်တွေ့တွင် အသုံးပြုမှုနည်းပါးပါသည်။ နိုင်ငံတကာတွင် ကျင့်သုံးနေသည့် တရားရုံးက ချမှတ်နိုင်သည့် ဆိုင်းငံ့ပြစ်ဒဏ်အမျိုးအစားမှာမူ မြန်မာနိုင်ငံတွင် ကျင့်သုံးဆောင်ရွက်မှုမရှိသေးသည်ကို တွေ့ရှိရပါသည်။

ဆိုင်းငံ့ပြစ်ဒဏ် ချမှတ်သည့် ရည်ရွယ်ချက်များမှာ ပြစ်မှုကျူးလွန်သူကို အရေးယူအပြစ်ပေးရာတွင် အကျင့်စာရိတ္တပြုပြင်ရေးအားဦးစားပေးရေး၊ မလိုအပ်ဘဲအကျဉ်းထောင်အတွင်းအကျဉ်းသားတိုးများလာခြင်းမှ ကာကွယ်ရေး နှင့် ပြစ်မှုကျူးလွန်သူများအား ၎င်းတို့၏အမှားကို အချိန်မီပြန်လည်ပြင်ဆင်နိုင်ခွင့်ပေးအပ်ရေး တို့အတွက်ရည်ရွယ်ပါသည်။ ဆိုင်းငံ့ပြစ်ဒဏ်ချမှတ်ခွင့်ရှိသောအမှုများနှင့် လူပုဂ္ဂိုလ်များမှာနိုင်ငံအလိုက်ကွဲပြားခြားနားမှုရှိသော်လည်းယေဘုယျအားဖြင့် အောက်ပါအချက်များအပေါ်တွင် အခြေခံ ချမှတ်လေ့ရှိပါသည်-

(က) ကျူးလွန်သည့်ပြစ်မှုမှာကြီးလေးသည့်ပြစ်မှုမဟုတ်ခြင်း

(ခ) လူမှုသဘာဝပတ်ဝန်းကျင်အား ထိခိုက်စေသည့် ပြစ်မှုမဟုတ်ခြင်း

(ဂ) ပြစ်မှုကျူးလွန်သူမှာ ငယ်ရွယ်သူ လူငယ်ဖြစ်ခြင်း

(ဃ) ပထမဦးဆုံး ပြစ်မှုကျူးလွန်သူဖြစ်ခြင်း

စသည့် အချက်များအပေါ် အခြေခံပြီး နိုင်ငံအလိုက်ချမှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့် အညီ ဆိုင်းငံ့ပြစ်ဒဏ်အား ချမှတ်လေ့ရှိကြပါသည်။

ဆိုင်းငံ့ပြစ်ဒဏ်အသုံးပြုနေသည့် နိုင်ငံများအနက် နိုင်ငံအချို့၏ အသုံးပြုမှုများကို ထုတ်နုတ်လေ့လာကြည့်ရာတွင် ဩစတြေးလျနိုင်ငံတွင် ဆိုင်းငံ့ပြစ်ဒဏ်အားအကျဉ်းထောင်အတွင်းမလိုအပ်ဘဲ အကျဉ်းသားများ တိုးများလာခြင်းမှ ကာကွယ်ရန်အသုံးပြုခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။ ဂျပန်နိုင်ငံ၏ ဆိုင်းငံ့ပြစ်ဒဏ်မှာ ၃ နှစ်အထိ ထောင်ဒဏ် သို့မဟုတ် ငွေဒဏ် ယန်း ၅ သိန်း အထိ ချမှတ်နိုင်သည့် ရာဇဝတ်မှုများတွင်သာချမှတ်နိုင်သည်ကို တွေ့ရှိရသည်။ ရုရှားနိုင်ငံတွင် ဆိုင်းငံ့ပြစ်ဒဏ်ကို သေးငယ်

သည့်ပြစ်မှုကျူးလွန်သူများ သို့မဟုတ် ပထမဆုံးအကြိမ် ပြစ်မှုကျူးလွန်သူများ အပေါ်တွင်ချမှတ်လေ့ရှိကြောင်း တွေ့ရှိရသည်။

ဦးလှိုင်ထက်ကျော်
ဦးစီးအရာရှိ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်- ရာဇဝတ်ကျင့်ထုံးဥပဒေ
https://en.wikipedia.org/wiki/Suspended_sentence
https://www.law.cornell.edu/wex/suspended_sentence
https://www.findlaw.com/criminal/criminal-procedure/suspended-sentences.html

## မြန်မာနိုင်ငံအတွင်း ဆိုင်ကလုန်းမုန်တိုင်းမိုခါနှင့် စပ်လျဉ်း၍ အာဆီယံ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာတုံ့ပြန်မှုအပေါ် အာဆီယံဥက္ကဋ္ဌ၏ထုတ်ပြန်ချက်

၆-၆-၂၀၂၃ရက်နေ့တွင် မြန်မာနိုင်ငံအတွင်း ဆိုင်ကလုန်းမုန်တိုင်းမိုခါနှင့် စပ်လျဉ်း၍အာဆီယံ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာတုံ့ပြန်မှုအပေါ် အာဆီယံဥက္ကဋ္ဌ၏ ထုတ်ပြန်ချက်ကို ASEAN (organization/asean) တွင် ဖော်ပြထားပါသည်။

အရှေ့တောင်အာရှနိုင်ငံများအသင်း(ASEAN)သည် ဆိုင်ကလုန်းမုန်တိုင်းမိုခါ၏မြောက်များစွာသောထိခိုက်မှုများကြောင့် မြန်မာနိုင်ငံအတွင်း အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ရန် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာတုံ့ပြန်မှုကို ပြင်ဆင်ထားကြောင်း၊၂၀၂၃ခုနှစ်၊ဇွန်လ၂ ရက်နေ့မှစ၍ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အာဆီယံလူသားချင်းစာနာမှု အကူအညီဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး စင်တာ(AHA Centre)သည် စစ်တွေ၊ ရသေ့တောင်၊ ကျောက်တော် နှင့် ပုဏ္ဏားကျွန်း မြို့နယ်တို့တွင် ထိခိုက်ပျက်စီးခဲ့သော လူမှုအသိုင်းအဝန်းအတွက် ကယ်ဆယ်ရေးပစ္စည်းများကို လွှဲပြောင်းပေးခဲ့ကြောင်း၊ အာဆီယံအရေးပေါ်တုံ့ပြန်ရေးနှင့်အကဲဖြတ်ရေးအဖွဲ့ (ASEAN-ERAT)သည် ၃၀-၅-၂၀၂၃ ရက်နေ့တွင် မြန်မာနိုင်ငံရှိ ထိခိုက်ပျက်စီးခဲ့သောနယ်မြေများတွင် ၎င်းတို့၏ ကနဦး လိုအပ်ချက်များအကဲဖြတ်ချက်ကိုလည်း သုံးသပ်ထားကြောင်း၊ ၁၆-၆-၂၀၂၃ ရက်နေ့တွင် AHA Centre သည် ကယ်ဆယ်ရေးပစ္စည်းများကို ရေကြောင်းဖြင့်(၂)သုတ်ခွဲ၍ ပေးပို့ရန် ပြင်ဆင်ထားကြောင်း၊ နောက်ဆုံးအသုတ်တွင် အစားအစာ မဟုတ် သောပစ္စည်းများ၊ ရေနှင့် မိလ္လာသန့်စင်ရေးကိရိယာ အစုံ အလင်ပါဝင်ပြီး ၂၇-၆-၂၀၂၃ ရက်နေ့များတွင် မြန်မာနိုင်ငံသို့ ရောက်ရှိမည်ဟု မျှော်လင့်ကြောင်း၊ အာဆီယံအရေးပေါ်တုံ့ပြန်ရေးနှင့်အကဲဖြတ်ရေးအဖွဲ့(ASEAN-ERAT)၏အကဲဖြတ်မှုအပေါ်အခြေခံ၍ ပြန်လည်ထူထောင်ရေးအဆင့်အတွက် ဖြစ်နိုင်ငံချေရှိသော အာဆီယံ၏ ပံ့ပိုးကူညီမှုများအတွက် ပြည်တွင်းဆွေးနွေးမှုများကိုလည်း စတင်ခဲ့ကြောင်း၊ အာဆီယံ၏ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာတုံ့ပြန်မှု ပထမအသုတ်သည် ၁၆-၅-၂၀၂၃ ရက်နေ့တွင် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ပြီး ထိခိုက် ခံစားရသော လူမှုအသိုက်အဝန်းများမှ ပထမဆုံးသော အရေးပေါ်အထောက်အပံ့ ရရှိခဲ့ကြောင်း၊

မလေးရှားနိုင်ငံ၊ ဆူဘန်မြို့ရှိအာဆီယံအတွက် သဘာဝဘေးအန္တရာယ်အရေးပေါ်ထောက်ပံ့ပို့ဆောင်ရေးစနစ် (DELSA) ဂိုဒေါင်မှ မြန်မာနိုင်ငံသို့ပေးပို့ရန် ပြင်ဆင်ထားသော ကယ်ဆယ်ရေးပစ္စည်းများတွင် အစားအစာပစ္စည်းမဟုတ်သည့် အမိုးအကာပစ္စည်းအစုံ၊ ရေနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးပစ္စည်းများအပါအဝင် စုစုပေါင်း အမေရိကန်ဒေါ်လာ ၁.၆၄ သန်း တန်ဖိုးရှိကြောင်း၊ ဆိုင်ကလုန်းမုန်တိုင်းမိုခါအတွက် လူသားချင်းဆိုင်ရာစာနာထောက်ထားမှု အကူအညီသည် မြန်မာပြည်သူများအတွက် အာဆီယံ၏စည်းလုံးညီညွတ်မှုကို ထင်ဟပ်စေကြောင်း ဖော်ပြထားပါသည်။

နိုင်ငံတကာရာဇဝတ်မှုခင်းများဆိုင်ရာဥပဒေဌာနစိတ်
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်- ASEAN(/organization/asean)